# ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ယဉ်ကျေးမှုကောင်စီ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၂၂။ ]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ယဉ်ကျေးမှု ကောင်စီ အက်ဥပဒေကိုပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၂ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် စတင် အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၅ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ယဉ်ကျေးမှုကောင်စီ အက်ဥပဒေ ပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ် ထည့်သွင်းရမည်။

"၄။ ။(၁) ကောင်စီတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရ၊ ယဉ်ကျေးမှု ဌာနတာဝန်ခံအပြင်၊ ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌက ခန့်ထားသောပုဂ္ဂိုလ် များလည်း ပါဝင်ရမည်။

(၂) ယဉ်ကျေးမှုဌာန တာဝန်ခံသည်၊ ကောင်စီ၏ဥက္ကဋ္ဌဖြစ်ရမည်။

(၃) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ သည်၊ ကောင်စီ လူကြီးများထဲမှ တဦးဦးကို ကောင်စီ၏ ဒုတိယ ဥက္ကဋ္ဌအဖြစ်ဖြင့် ခန့်ထားနိုင်သည်။

(၄) ကောင်စီသည်၊ သာမန်၊ သို့တည်းမဟုတ် အထူးကိစ္စအတွက် လိုအပ်သော ပုဂ္ဂိုလ်များကို၊ ပူးတွဲ ဆောင် ရွက်ရန် ခန့်ထား နိုင်သည်။

(၅) ကောင်စီ၏ အာဏာများနှင့် တာဝန် ဝတ္တရားများကို ဆောင် ရွက် နိုင်ရန်အလို့ငှါ၊ အလုပ်အမှုဆောင်အဖွဲ့တခုရှိရမည်။ ထို အလုပ် အမှုဆောင် အဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ရ မည်—

(က) ဥက္ကဋ္ဌ။

(ခ) ဒုတိယ ဥက္ကဋ္ဌ။

(ဂ) ကောင်စီ၏ အတွင်းရေးမှူး။

(ဃ) ဥက္ကဋ္ဌက ရွေးချယ်ခန့်ထားသည့် ကောင်စီလူကြီး။"

၃။ ။အဆိုပါ ဥပဒေ ပုဒ်မ ၁၁ တွင်—

(က) ပုဒ်မခွဲ (၄) ၌ ''ဥက္ကဋ္ဌနှင့် အုပ်ချုပ်ရေးမှူးတို့အား'' ဆိုသည့် စကားရပ်အစား၊ ''အလုပ် အမှုဆောင်အဖွဲ့၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၊ သို့ တည်း မဟုတ် အုပ် ချုပ် ရေးမှူး အား '' ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၄) နောက်၌၊ အောက်ပါကို ပုဒ်မခွဲ (၅) အဖြစ်ထည့် သွင်းရမည်။

''(၅) ကောင်စီ သည်၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သည့် ကိစ္စများ အတွက် ငွေချေးယူနိုင်သည့်ပြင်၊ မိမိရံပုံငွေထဲမှ ငွေများကို လည်း ထုတ်ချေးနိုင်သည်။''

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၃ တွင်၊ ပုဒ်မခွဲ (၁) ၌၊ ''နိုင်ငံတော် အစိုးရထံမှရရှိသော ငွေအားလုံးကိုငင်း၊''ဆိုသည့် စကားရပ်နောက်တွင် ''ဤအက် ဥပဒေအရ ချေးယူသော ငွေအားလုံးကိုငင်း၊''ဆိုသည့် စကားရပ်ကို ထည့်သွင်းရ မည်။

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၄၊ အပိုဒ် (ခ) နောက်တွင်၊ အောက်ပါ ကို အပိုဒ် (ဂ) အဖြစ် ထည့်သွင်းရမည်။

''(ဂ) ဤအက်ဥပဒေ၊ သို့တည်းမဟုတ် အခြားတရားဥပဒေအရ ယဉ် ကျေးမှုဆိုင်ရာ ကိစ္စများအတွက် ငွေထုတ်ချေးရန်။''

၆။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၁၉ တွင်၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (ခ) ၌၊ ''ဥက္ကဋ္ဌနှင့် အုပ်ချုပ်ရေးမှူးအသီးသီးအား'' ဆိုသည့် စကားရပ်အစား၊ ''အလုပ် အမှုဆောင်အဖွဲ့၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် အုပ်ချုပ်ရေးမှူးအား''ဆို သည့် စကားရပ်ကို ထည့်သွင်းရမည်။